**နိုင်ငံအခြေအနေကို စနစ်တကျ လေ့လာဆန်းစစ်မှု (SCD) နှင့် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ဘဏ်၏ နိုင်ငံဆိုင်ရာ မဟာဗျူဟာ (CPF) ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပမည့် လုပ်ငန်းမူဘောင်**

**ရည်မှန်းချက်**

ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကို လျော့ချနိုင်ရန်နှင့် အားလုံး မျှဝေပိုင်ဆိုင်နိုင်မည့် သာယာဝပြောမှုများကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲရန် ပြင်ဆင်လျက်ရှိရာ stakeholders များနှင့် အကြံဉာဏ် ရယူသည့် ညှိနှိုင်းဆွေးနွေးပွဲများကို  ကျင်းပသွားမည်ဖြစ်သည်။ ၎င်း ညှိနှိုင်းဆွေးနွေးပွဲများသည် ကမ္ဘာ့ဘဏ်အုပ်စုအတွက် အကြံဉာဏ်များ ရရှိရန် ရည်ရွယ်ပါသည်။ (၁) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်၊ (၂) အရေးတကြီး ဆောင်ရွက်ရန် လိုအပ်သည်များကို ဦးစားပေး ကဏ္ဍနယ်ပယ်များအဖြစ်သတ်မှတ်ရန်နှင့် (၃) အဆိုပါနယ်ပယ်များအတွင်း ကမ္ဘာ့ဘဏ်အုပ်စု၏အကူအညီများ အထိရောက်ဆုံး ဖြစ်နိုင်မည့် ကဏ္ဍနယ်ပယ်များကို ဖော်ထုတ်ရန် အချက်များ ပါဝင်သည်။

**အဓိက stakeholders များ**

- stakeholders များနှင့် အကြံဉာဏ် ရယူသည့် ညှိနှိုင်းဆွေးနွေးပွဲများကို  ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားမည်ဖြစ်ရာ အဓိက အဓိက stakeholders များမှာ -
- အစိုးရ ဝန်ကြီးဌာနများ (အဓိက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ၊ လွှတ်တော်အမတ်များနှင့် အခြား)
- ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ
- အရပ်ဘက် လူမှု အဖွဲ့အစည်းများ (ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ စည်းရုံးဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်သော အဖွဲ့အစည်းများ နှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ အပါအဝင်)
- ပုဂ္ဂလိက ကဏ္ဍ
- ဦးတည်ထားသည့် အကျိုးခံစားမည့်သူများနှင့် အခြား stakeholders များ

**တည်နေရာ**

နိုင်ငံဆိုင်ရာ မဟာဗျူဟာနှင့် စပ်လျဉ်းသည့် အကြံဉာဏ်ရယူ ညှိနှိုင်းဆွေးနွေးပွဲများကို နေပြည်တော်၊ ရန်ကုန်နှင့် အခြား တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများ အပါအဝင် တစ်နိုင်ငံလုံးတွင် ကျင်းပသွားမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုသည် အဆိုပါ ဆွေးနွေးပွဲများကို ရန်ကုန်နှင့် နေပြည်တော်ပြင်ပ အခြား ဒေသများတွင် ဆောင်ရွက်နိုင်ရန် ဒေသခံ မိတ်ဖက်အဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေသွားမည်ဖြစ်သည်။

**လမ်းညွှန်ချက်များ**

၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက အရပ်ဘက် လူမှု ကွန်ယက်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် ကနဦး ဆွေးနွေးပွဲများအရ  အောက်ဖော်ပြပါ အချက်များကို ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရာတွင် လမ်းညွှန်ချက်များအဖြစ် သတ်မှတ်သွားရန် သဘောတူညီခဲ့ကြပါသည်။

- ပါဝင်တက်ရောက်မည့်သူများအတွက် အချိန်လုံလောက်မှုရှိစေရန် ညှိနှိုင်းဆွေးနွေးပွဲများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကြိုတင်ဖြန့်ဝေထားရန် (အနည်းဆုံး တစ်ပတ်ခန့် ကြိုတင်၍)
- အစည်းအဝေး အနှစ်ချုပ်နှင့် ပါဝင်တက်ရောက်သူစာရင်းနှင့် အခြား စာရွက်စာတမ်းများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြရန်
- အစည်းအဝေးများတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာသို့ ပြန်ဆိုပေးရန် ဘာသာပြန်ဆိုသူများ ထားရှိသွားရန်
- ဆွေးနွေးညှိနှိုင်း အစည်းအဝေးများအပြင် အကြံဉာဏ်များကို စာဖြင့်ရေးသားပြီး အီးမေးလ် သို့မဟုတ် ကမ္ဘာ့ဘဏ်မြန်မာ ဝက်ဆိုက်စာမျက်နှာနှင့် ဖေ့ဘွတ်စာမျက်နှာတို့မှတစ်ဆင့်လည်း အချိန်မရွေး ပေးပို့နိုင်ရန်

**အချိန် ဇယား**

| | |
|---|---|
| **နိုင်ငံအခြေအနေကို စနစ်တကျ လေ့လာဆန်းစစ်မှု** | |
| April | Concept Review |
| May | Consultations |
| August | Completion & Publication |
| **မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်** | |
| July | Concept Review |
| July – August | Consultations |
| Oct/Nov | World Bank Group Board Review& Publication |